ဆရာတော် ဦးဂုဏက ကျုပ်ကို စေ့စေ့ကြည့်ရင်း ခေါင်းကို တဆတ်ဆတ်ညိတ်တယ်။

"ဒီလိုကွ တာတေရ၊ ဆရာနန္ဒဖနဲ့ သူ့ဆရာကြီး ဦးမင်းအောင်တို့ မှာ တော်တော်ကို အရေး ကြီးတဲ့ ကိစ္စကြီးတစ်ခုကို ဆောင်ရွက်ကြဖို့ ရှိတယ်ကွ၊ အဲဒါ မင်းရဲ့ အကူအညီ လိုနေကြလို့ တဲ့ "

"ဩော် ... ဒီလိုလား၊ ဟိုတစ်ခါလို သစ်စုန်းနှုတ်ရမှာ လား ဘုရား"

ကျုပ်က ဆရာတော်ကို လျှောက်ရင်း ဆရာနန္ဒဖကို တစ်ချက်ကြည့်လိုက်တယ်။

ဆရာနန္ဒဖက ခေါင်းရမ်းပြတယ်ဗျ။ ဆရာတော်က ဆက်ပြီး မိန့်တယ်။

"တာတေ မင်းနားလည်အောင် ဘုန်းဘုန်းပြောမယ်၊ ဒီလောကမှာ ဘယ်လောက်ခေတ်မီမီ၊ ဘယ်လောက်တိုးတက် တိုးတက် အင်မတန် ရှေးကျတဲ့ ကဝေပညာကြီးကတော့ ရှင်သန်နေတုန်း ပဲကွ"

"အလို ဟုတ်ရဲ့ လား ဘုရား"

"ဟုတ်တယ်ကွ တာတေရ၊ အင်မတန် အတ္တကြီးတဲ့ လူတွေက သူတို့ရဲ့ ဘဝတိုးတက်ဖို့ ၊ ကြီး ပွားချမ်းသာဖို့ ရှေးဟောင်းပညာတွေ တတ်ထားတဲ့ ကဝေတွေကို တိတ်တိတ်ကလေး ကိုးကွယ် ကြတယ်၊ အားကိုးအားထား ပြုကြတယ်ကွ"

"ဒီပညာက ဘယ်တုန်းကတည်းကများ ရှိနေတာလဲ ဘုရား"

ကျုပ်မေးလိုက်တဲ့ စကားကို ဆရာနန္ဒဖက ဟျာဟျာသလဲ ဝင်ဖြေတယ်ဗျ။

"အေးကွ တာတေရ၊ မင်းလည်း အတန်းပညာသင်ခဲ့ဖူးတာပဲမို့လား၊ အာဖရိကတိုက်က စခဲ့တာကွ၊ အဲဒီက လူရိုင်းကြီးတွေကနေ စခဲ့တာကွ၊ နောက်တော့ တစ်ကမ္ဘာလုံးကို ပြန့်သွားတာပေါ့ ကွာ။ အခုတော့ ဒီပညာတွေဟာ ကမ္ဘာပေါ်ကနေ ပျောက်သွားသလို ထင်ရပေမယ့် တကယ်ကတော့ မပျောက်ဘူးကွ၊ ပုန်းလျှိုး ကွယ်လျှိုးနဲ့ လျှို့ဝှက်ပြီး ရှိနေဆဲပဲ တာတေရ၊ သိပ္ပံပညာရပ်ကြီး ထွန်း ကားလာတော့ ဒီပညာက နောက်ကွယ်ကို ရောက်သွားတာပေါ့။ ဒါပေမဲ့ တိတ်တဆိတ် ရှင်သန် နေ ဆဲပါပဲကွာ "

"ဩော် .. ဒီလိုကိုး"

ကျုပ်ဖြင့် အံ့ဩလိုက်တာဗျာ။ စုန်းပြူစားတယ်တို့ ၊ ရှာသူကပ်တယ်တို့ ဆိုတာလောက်တော့ ကျုပ် ကြားဖူးတာပေါ့။ တစ်ကမ္ဘာလုံးမှာ ကို ဒီကဝေပညာကြီး ရှင်သန်နေတယ်ဆိုတာတော့ အခုမှ ပဲ ကျုပ် ကြားဖူးတာဗျ။

"မှန်ပါ့ဘုရား တပည့်တော် ဘာများကူညီပေးရမှာ လဲ ဘုရား"

"အေး ... ဒီလိုကွ တာတေရ၊ တို့ ဆီကနေ ဆိုရင်တော့ အတော်ကလေး ဝေးတာပေါ့ကွာ၊ ယိုးဒယားပြည်နဲ့ နယ်စပ်က မြို့ကလေးတွေမှာ တော်တော်ကိုဆိုးရွားတဲ့ အဖြစ်တစ်ခု ဖြစ်နေတယ် တဲ့ ကွ"

"ဘယ်လိုများ ပါလဲ ဘုရား"

ကျုပ်က ဒါမျိုးဆို သိပ်သိချင်တဲ့ ကောင်ဗျ။ ကျုံ့ကျုံ့ထိုင်နေရာက ရှေ့ကိုတောင် နည်းနည်း တိုးလိုက်မိသေးရော့ဗျာ။ ဆရာတော်က ကျုပ်သိပ်စိတ်ဝင်စားနေမှန်းသိတော့ ခပ်သုတ်သုတ်ပဲ ဆက် ပြောပါတယ်။ ဆရာနွံဖကတော့ ကျုပ်ကို မသိမသာ အကဲခတ်နေတာ ကျုပ်သိတယ်ဗျ။

